ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊**

**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

**ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်များအတွက်အဆိုပြုလွှာများတင်သွင်းရန်**

**ကြေညာချက် (၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ( ၁၂ )ရက်

(၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ (ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

**၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)

နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၇)ရက်မှ နိုဝင်ဘာလ(၅)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) တွင်သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိတ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင်အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိပ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ